ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အခွန်ရာ

အဉ်အယူခံခုံအမှု.

ယုံကြည် မှုတ မှန်ကန် အဉ်အယူခံ



၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့်သက်ဆိုင်သည့် အစီရင်ခံစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့



၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့်

ကြားနာမှုများနှင့်သက်ဆိုင်သည့် အစီရင်ခံစာတင်ပြခြင်း

မာ တိ ကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁	နိဒါန်း	၁-၂
၂	ခုံအဖွဲ့ ဖွဲ့စည်းခြင်း	၂-၄
၃	အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက်	၄
၄	လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု	၄-၁၁
၅	လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာ တင်ပြချက်	၁၂-၁၈
၆	အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များ	၁၉-၂၁
၇	နိဂုံး	၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အခွန်အယူခံခုံအဖွဲ့

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့် သက်ဆိုင်သည့် အစီရင်ခံစာတင်ပြခြင်း

နိဒါန်း

၁။ အခွန်အယူခံခြင်းလုပ်ငန်းကို ၁၉၅၄ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံအမြတ်ခွန်အက်ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ အမြတ်ခွန်အယူခံခုံရုံးကို ဖွဲ့စည်းပြီး အမြတ်ခွန်ဆိုင်ရာအယူခံမှု တစ်မျိုးတည်းကိုသာ စစ်ဆေးခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၃-၁၀-၁၉၇၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂၀)အရ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၄)ဦး ပါဝင်သော အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းပြီး အမြတ်ခွန်အယူခံမှုသာမက အကောက်ခွန်၊ ယစ်မျိုးခွန်၊ တံဆိပ်ခေါင်းခွန်ဆိုင်ရာအယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှု၊ တရားရုံးချုပ်သို့ လွှဲအပ်မှုများ ကြားနာစီရင်ဆုံးဖြတ်ခဲ့ပြီး အမြတ်ခွန်အယူခံရုံးအား အခွန်အယူခံခုံအဖွဲ့ရုံးအဖြစ် ပြောင်းလဲ ဖွဲ့စည်းခဲ့ပါသည်။

၂။ ၁၉၇၆ ခုနှစ်တွင် ဝန်ကြီးအဖွဲ့၏ ၁၁-၁၂-၁၉၇၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂) ဖြင့် လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၈-၇-၁၉၈၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆/၈၉) ဖြင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၃၁-၅-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၄/၂၀၁၇) ဖြင့်လည်းကောင်း အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ အခွန်အယူခံအမှုများကို ကြားနာစစ်ဆေးစီရင်ခဲ့ပါသည်။

၃။ အစိုးရအဆက်ဆက်တွင် အခွန်အယူခံခုံအဖွဲ့ကို အမိန့်ကြော်ငြာစာများ ထုတ်ပြန်ဖွဲ့စည်းပေးခဲ့ရာမှ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ဇယား(၁)၊ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်

အခွန်အယူခံခြင်းဟူ၍ ထည့်သွင်းပြဋ္ဌာန်းထားသည်နှင့်အညီ ၂၀၁၃ ခုနှစ်တွင် အခွန်အယူခံခုံအဖွဲ့ဥပဒေမူကြမ်းကို စတင်ရေးဆွဲခဲ့ပြီး ဥပဒေပြဋ္ဌာန်းနိုင်ရေး တင်ပြဆောင်ရွက်ခဲ့ရာ ၁-၈-၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၃ ဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ လက်ထက် ၂၆-၂-၂၀၂၆ ရက်နေ့တွင် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ဥပဒေအမှတ် (၉/၂၀၂၆) ဖြင့် အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။

၄။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၂ ၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်အရ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ၂၀၁၉ ခုနှစ်တွင်လည်းကောင်း၊ အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများအား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

ခုံအဖွဲ့ ဖွဲ့စည်းခြင်း

၅။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ အစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့ဥပဒေပါ ခုံအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင် အနည်းဆုံး ငါးဦးမှ အများဆုံးကိုးဦးထက်မပိုသော ခုံအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) အစိုးရအဖွဲ့က တာဝန်ပေးအပ်သောပုဂ္ဂိုလ်တစ်ဦး ဥက္ကဋ္ဌ

(ခ) ဥပဒေ၊ အခွန်၊ စာရင်းကိုင်၊ စာရင်းစစ်တို့နှင့် သက်ဆိုင်သည့် နယ်ပယ်များတွင် ညွှန်ကြားရေးမှူးအဆင့်နှင့်အထက် ရာထူးရှိပြီး အရာထမ်းလုပ်သက် အနည်းဆုံး ၁၀ နှစ်တာဝန်ထမ်းဆောင်ခဲ့သူ သို့မဟုတ် ကျွမ်းကျင်ပညာရှင်အဖြစ် ရွေးချယ်သတ်မှတ်သူ အဖွဲ့ဝင်

၆။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်အယူခံခုံအဖွဲ့၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်ရန် ၂၂-၆-၂၀၂၀ ရက်နေ့တွင်

အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၀ ဖြင့် ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် ၈ ဦးဖြင့် ဖွဲ့စည်း တာဝန် ပေးအပ်ခဲ့ပါသည်။

၇။ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၀ ဖြင့် ဖွဲ့စည်းပေးခဲ့သော အခွန်အယူခံခုံအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် (၁)ဦးတို့သည် မိမိသဘောဆန္ဒအလျောက် နုတ်ထွက် သွားသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် ၂၄ - ၂ - ၂၀၂၁ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၁ ဖြင့် ခုံအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်(၁)ဦးတို့အား အစားထိုးဖြည့်စွက်၍ ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင် (၇) ဦးဖြင့် အခွန်အယူခံခုံအဖွဲ့အား ပြန်လည်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့က ၄-၄-၂၀၂၄ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၄)ဖြင့် အဖွဲ့ဝင်(၁)ဦးအား ထပ်မံခန့်အပ် တာဝန်ပေးအပ်ခဲ့သည့်အတွက် ခုံအဖွဲ့ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၈)ဦး ဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခဲ့ပါသည်။

၈။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၅၊ ပုဒ်မခွဲ (က) တွင် " ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များ၏ သက်တမ်းသည် ခုံအဖွဲ့စတင်ဖွဲ့စည်းသည့်နေ့ရက်မှ ငါးနှစ်ဖြစ်သည်"ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဂ) တွင်"ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်များသည် တစ်ဆက်တည်း သက်တမ်းနှစ်ကြိမ်ထက်ပို၍ ထမ်းဆောင် ခြင်းမပြုရ"ဟုပြဋ္ဌာန်းချက်များအရ အခွန်အယူခံခုံအဖွဲ့အနေဖြင့် ၂၁ - ၆ -၂၀၂၅ ရက်နေ့တွင် ပထမ ၅ နှစ် တစ်ကြိမ် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ဒုတိယ ၅ နှစ်တစ်ကြိမ် ထပ်မံတာဝန် ပေးအပ်နိုင်ကြောင်း တွေ့ရှိရသည့်အတွက် အခွန်အယူခံခုံအဖွဲ့၏ ဒုတိယသက်တမ်းကို ယခုလက်ရှိ တာဝန် ထမ်းဆောင်နေသောခုံအဖွဲ့ကိုပင် ဆက်လက်တာဝန်ပေးအပ်နိုင်ရေးနှင့် ၅ နှစ် သက်တမ်း တစ်ကြိမ် ကုန်ဆုံးချိန်တွင် အတွေ့အကြုံရရှိပြီး နောင်မျိုးဆက်အဖြစ် တာဝန်ပေးအပ်နိုင်ရန် အတွက် အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၄ ၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၂) ပါ အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသည့် အဖွဲ့ဝင်သစ် (၁) ဦးကိုလည်း ဖြည့်စွက်ဖွဲ့စည်း တာဝန်ပေးအပ် လိုခြင်းအပေါ် လမ်းညွှန်မှုပြုနိုင်ပါရန် ဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး သို့ တင်ပြခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့မှ ၁၀ - ၆ - ၂၀၂၅ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၂၅ ဖြင့် အောက်ပါပုဂ္ဂိုလ်များပါဝင်သော အခွန်အယူခံခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် အတွက် အစီရင်ခံတင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင်လည်း အခွန်အယူခံခုံအဖွဲ့ ဥပဒေ၊

နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည် -

(က)	ဦးမြင့်ဦး	ဥက္ကဋ္ဌ
(ခ)	ဦးကျော်ကျော်	အဖွဲ့ဝင်
(ဂ)	ဦးဇေယျကြည်ညွန့်	အဖွဲ့ဝင်
(ဃ)	ဒေါ်ရီရီမြင့်	အဖွဲ့ဝင်
(င)	ဦးဝင်းနိုင်	အဖွဲ့ဝင်
(စ)	ဦးဝင်းတင်	အဖွဲ့ဝင်
(ဆ)	ဦးကြည်	အဖွဲ့ဝင်
(ဇ)	ဦးမျိုးအောင်	အဖွဲ့ဝင်

အစီရင်ခံစာ တင်ပြရခြင်း ရည်ရွယ်ချက်

၉။ အခွန်အယူခံခုံအဖွဲ့ဥပဒေပုဒ်မ ၃၀ တွင် "ခုံအဖွဲ့သည် မိမိဆောင်ရွက်ခဲ့သည့် ကြားနာမှုများ နှင့် သက်ဆိုင်သည့်အစီရင်ခံစာကို ဘဏ္ဍာရေးနှစ်တစ်နှစ်ပြီးဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြရမည်"ဟု ပြဋ္ဌာန်းထားသည်နှင့်အညီ တင်ပြရခြင်းဖြစ်ပါသည်။

လုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု

၁၀။ ယခင်ဘဏ္ဍာရေးနှစ်ဖြစ်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်လက်ကျန်ဆောင်ရွက်ရန် အမှုမှာ အကောက်ခွန်အယူခံမှု (၃)မှုနှင့် ကုန်သွယ်လုပ်ငန်းခွန်လွှဲအပ်မှု (၁)မှု၊ စုစုပေါင်း(၄)မှု၊ အစီရင်ခံတင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းလျှောက်ထားလာသည့် အကောက်ခွန်အယူခံမှု (၁၂)မှု ဖြစ်ပါသဖြင့် ဆောင်ရွက်ရန်အမှုမှာ အကောက်ခွန်အယူခံမှု(၁၅)မှုနှင့် ကုန်သွယ်လုပ်ငန်းခွန်လွှဲအပ်မှု (၁)မှု၊ စုစုပေါင်း(၁၆)မှု ဖြစ်ပါသည်။ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အကောက်ခွန်အယူခံမှု (၉)မှုနှင့် ကုန်သွယ်လုပ်ငန်းခွန်လွှဲအပ်မှု(၁)မှု၊ စုစုပေါင်း(၁၀)မှုကို စီရင်ဆုံးဖြတ်ပေးနိုင်ခဲ့သဖြင့် အကောင်အထည်ဖော်နိုင်မှုမှာ (၆၃)ရာခိုင်နှုန်း ဖြစ်ပါသည်။ ဆောင်ရွက်ရန် ကျန်ရှိသည့်အမှုမှာ အကောက်ခွန်အယူခံမှု(၆)မှု ဖြစ်ပါသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ

(၁-၄-၂၀၂၅ ရက်နေ့မှ ၃၁-၃-၂၀၂၆ ရက်နေ့ထိ)

စဉ်	အမှုအမျိုးအစား		ယခင်နှစ်လက်ကျန်	(အစီရင်ခံသည့်ကာလ) နှစ်အတွင်းတိုးလာသောအမှု	စုစုပေါင်း	စီရင်ချက်ချမှတ်ပြီးစီးမှု	ဆောင်ရွက်ဆဲ / ဆောင်ရွက်ရန်ကျန်			
							စီရင်ချက်ချမှတ်ရန်ကျန်အမှု	ကြားနာဆဲအမှု	ကြားနာရန်ကျန်ရှိအမှု	စုစုပေါင်း
၁	အကောက်ခွန်	အယူခံမှု	၃	၁၂	၁၅	၉	-	-	၆	၆
		ပြင်ဆင်မှု	-	-	-	-	-	-	-	-
		ပြန်လည်သုံးသပ်မှု	-	-	-	-	-	-	-	-
		လွှဲအပ်မှု	-	-	-	-	-	-	-	-
		စုစုပေါင်း	၃	၁၂	၁၅	၉	-	-	၆	၆
၂	ဝင်ငွေခွန်									
၃	ကုန်သွယ်လုပ်ငန်းခွန်	အယူခံမှု	-	-	-	-	-	-	-	-
		ပြင်ဆင်မှု	-	-	-	-	-	-	-	-
		ပြန်လည်သုံးသပ်မှု	-	-	-	-	-	-	-	-
		လွှဲအပ်မှု	၁	-	၁	၁	-	-	-	-
		စုစုပေါင်း	၁	-	၁	၁	-	-	-	-
စုစုပေါင်း			၄	၁၂	၁၆	၁၀	-	-	၆	၆

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ

(အမှုအမျိုးအစားအလိုက်)


အမှု အမျိုးအစား	ယခင်နှစ် လက်ကျန်	နှစ်အတွင်း တင်သွင်းလာသည့် အမှု	စုစု ပေါင်း	ဆောင်ရွက်ပြီးစီးမှု		ဆောင်ရွက်ရန် ကျန်ရှိသော အမှု
				အမှု	ရာခိုင်နှုန်း	
အယူခံမှု	၃	၁၂	၁၅	၉	၆၀ %	၆
ပြင်ဆင်မှု	-	-	-	-	-	-
ပြန်လည်သုံးသပ်မှု	-	-	-	-	-	-
လွှဲအပ်မှု	၁	-	၁	၁	၁၀၀ %	-
စုစုပေါင်း	**၄**	**၁၂**	**၁၆**	**၁၀**	**၆၃ %**	**၆**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုအခြေအနေ


(အခွန်အမျိုးအစားအလိုက်)

အခွန် အမျိုးအစား	ယခင်နှစ် လက်ကျန်	နှစ်အတွင်း တင်သွင်းလာသည့် အမှု	စုစု ပေါင်း	ဆောင်ရွက်ပြီးစီးမှု		ဆောင်ရွက်ရန် ကျန်ရှိသော အမှု
				အမှု	ရာခိုင်နှုန်း	
အကောက်ခွန်	၃	၁၂	၁၅	၉	၆၀ %	၆
ဝင်ငွေခွန်	-	-	-	-	-	-
ကုန်သွယ်လုပ်ငန်းခွန်	၁	-	၁	၁	၁၀၀ %	-
စုစုပေါင်း	**၄**	**၁၂**	**၁၆**	**၁၀**	**၆၃ %**	**၆**

၁၁။ **ဆောင်ရွက်ရန်အခြေအနေ။** ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် အမှု(၁၆)မှုတွင် အမှုအမျိုးအစားအလိုက် ပါဝင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း အယူခံမှု ၉၄ ရာခိုင်နှုန်းနှင့် လွှဲအပ်မှု ၆ ရာခိုင်နှုန်း ဖြစ်ပါသည်-



၁၂။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ဆောင်ရွက်ရန် အမှု (၁၆) မှုတွင် အခွန်အမျိုးအစား အလိုက် ပါဝင်မှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်း အကောက်ခွန်အမှု ၉၄ ရာခိုင်နှုန်းနှင့် ကုန်သွယ်လုပ်ငန်းခွန်အမှု ၆ ရာခိုင်နှုန်း ဖြစ်ပါသည်-



၁၃။ **ဆောင်ရွက်ရန်ကျန်ရှိမှု။** ချေလွှာနှင့်မူရင်းအမှုတွဲများရရှိပြီးသည့်အခါတွင်မှအခွန်အယူခံခုံအဖွဲ့နည်းဥပဒေများ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဃ)နှင့်အညီ အမှုတွဲတာဝန်ခံ အရာရှိခွဲဝေတာဝန်ပေးအပ်၍ အကြံပြုချက်ရေးသားတင်ပြစေခြင်း၊ အမှုတွဲတာဝန်ခံအရာရှိက ရေးသားတင်ပြလာသည့်အကြံပြုချက် ရရှိသည့်အခါတွင်မှ အမှုစစ်ဆေးကြားနာမည့်ခုံအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊ ကြားနာစစ်ဆေးရမည့်ရက်ချိန်း သတ်မှတ်ခြင်းတို့ကို အခွန်အယူခံခုံအဖွဲ့နည်းဥပဒေများနှင့်အညီအဆင့်ဆင့်ဆောင်ရွက်ရခြင်း၊ ဆောင်ရွက်ရန်ကျန်အမှုများမှာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ အတွင်း လျှောက်ထားသည့် အကောက်ခွန်အယူခံမှု (၂)မှု၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းမှ လျှောက်ထားသည့် အကောက်ခွန်အယူခံမှု (၃)မှုနှင့် ၂၀၂၆ ခုနှစ်၊ မတ်လအတွင်းမှ လျှောက်ထား သည့် အကောက်ခွန်အယူခံမှု(၁)မှုတို့ ဖြစ်ခြင်း၊ သက်ဆိုင်ရာအကောက်ခွန်ဦးစီးဌာနမှ မူရင်းအမှုတွဲ နှင့် ချေလွှာရရှိမှုမှာ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၂) မှုနှင့် မတ်လတွင် (၃)မှုဖြစ်ပါသည်။ ချေလွှာရရှိပြီးသည့်အခါတွင်မှ အမှုတွဲတာဝန်ခံအရာရှိများခွဲဝေတာဝန်ပေးအပ်၍ ဥပဒေအကြံပြုချက်များ ရေးသားစေရခြင်းနှင့် ခုံအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းစသည့် လုပ်ငန်းစဉ်များကြောင့် ချေလွှာရရှိပြီး (၅)မှုကို နှစ်အတွင်း ပြီးပြတ်အောင်ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်းဖြစ်ပါသည်။

၁၄။ သို့ပါ၍ ၂၀၂၆ ခုနှစ်၊ မတ်လကုန်တွင် ခုံအဖွဲ့က မူရင်းအမှုတွဲနှင့် ချေလွှာရရှိပြီး ကြားနာရန်ကျန်ရှိသောအမှု(၅)မှုနှင့် မူရင်းအမှုတွဲနှင့် ချေလွှာမရရှိသေးသော အမှု (၁)မှု၊ စုစုပေါင်း(၆)မှုကျန်ရှိပါသည်။

၁၅။ **နှိုင်းယှဉ်ဖော်ပြခြင်း ။** ။ အစီရင်ခံတင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့်ကာလတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေတို့ကို ရာခိုင်နှုန်းဖြင့် အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-

အခွန်အမျိုးအစား	အမှု အမျိုးအစား	ဆောင်ရွက်ရန်		ဆောင်ရွက်ပြီး		အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်း	
		၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်	၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်	၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်	၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်	၂၀၂၄ -၂၀၂၅ ဘဏ္ဍာရေးနှစ်	၂၀၂၅ -၂၀၂၆ ဘဏ္ဍာရေးနှစ်
အကောက်ခွန်	အယူခံမှု	၁၁	၁၅	၈	၉	၇၃ %	၆၀ %
	ပြင်ဆင်မှု	-	-	-	-	-	-
	ပြန်လည် သုံးသပ်မှု	-	-	-	-	-	-
	လွှဲအပ်မှု	၄	-	၄	-	၁၀၀ %	-
	စုစုပေါင်း	**၁၅**	**၁၅**	**၁၂**	**၉**	**၈၀ %**	**၆၀ %**
ဝင်ငွေခွန်	အယူခံမှု	၁	-	၁	-	၁၀၀ %	-
	ပြင်ဆင်မှု	-	-	-	-	-	-
	ပြန်လည် သုံးသပ်မှု	-	-	-	-	-	-
	လွှဲအပ်မှု	-	-	-	-	-	-
	စုစုပေါင်း	**၁**	**-**	**၁**	**-**	**၁၀၀ %**	**-**
ကုန်သွယ်လုပ်ငန်းခွန်	အယူခံမှု	၁	-	၁	-	၁၀၀ %	-
	ပြင်ဆင်မှု	-	-	-	-	-	-
	ပြန်လည် သုံးသပ်မှု	-	-	-	-	-	-
	လွှဲအပ်မှု	၁	၁	-	၁	-	-
	စုစုပေါင်း	**၂**	**၁**	**၁**	**၁**	**၅၀ %**	**၁၀၀ %**
စုစုပေါင်း	အယူခံမှု	၁၃	၁၅	၁၀	၉	၇၇ %	၆၀ %
	ပြင်ဆင်မှု	-	-	-	-	-	-
	ပြန်လည် သုံးသပ်မှု	-	-	-	-	-	-
	လွှဲအပ်မှု	၅	၁	၄	၁	၈၀ %	၁၀၀ %
		၁၈	**၁၆**	**၁၄**	**၁၀**	**၇၈ %**	**၆၃ %**

၁၆။ အစီရင်ခံတင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ကာလတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို အမှုအမျိုးအစားအလိုက် လည်းကောင်း၊ အခွန်အမျိုးအစားအလိုက်လည်းကောင်း အောက်ပါအတိုင်း နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-


အမှုအမျိုးအစားအလိုက်ကြားနာဆောင်ရွက်နိုင်မှု


အမှုအမျိုးအစား	ဆောင်ရွက်ရန်		ဆောင်ရွက်ပြီး		အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း	
	ယခင်နှစ်	ယခုနှစ်	ယခင်နှစ်	ယခုနှစ်	ယခင်နှစ်	ယခုနှစ်
အယူခံမှု	၁၃	၁၅	၁၀	၉	၇၇ %	၆၀ %
ပြင်ဆင်မှု	-	-	-	-	-	-
ပြန်လည်သုံးသပ်မှု	-	-	-	-	-	-
လွှဲအပ်မှု	၅	၁	၄	၁	၈၀ %	၁၀၀ %
စုစုပေါင်း	**၁၈**	**၁၆**	**၁၄**	**၁၀**	**၇၈ %**	**၆၃ %**


အခွန်အမျိုးအစားအလိုက်ကြားနာဆောင်ရွက်နိုင်မှု


အခွန်အမျိုးအစား	ဆောင်ရွက်ရန်		ဆောင်ရွက်ပြီး		အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်း	
	ယခင်နှစ်	ယခုနှစ်	ယခင်နှစ်	ယခုနှစ်	ယခင်နှစ်	ယခုနှစ်
အကောက်ခွန်	၁၅	၁၅	၁၂	၉	၈၀ %	၆၀ %
ဝင်ငွေခွန်	၁	-	၁	-	၁၀၀ %	-
ကုန်သွယ်လုပ်ငန်းခွန်	၂	၁	၁	၁	၅၀ %	၁၀၀ %
စုစုပေါင်း	**၁၈**	**၁၆**	**၁၄**	**၁၀**	**၇၈ %**	**၆၃ %**

၁၇။ အစီရင်ခံတင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ကာလတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို အမှုအမျိုးအစားအလိုက် လည်းကောင်း၊ အခွန်အမျိုးအစားအလိုက်လည်းကောင်း အောက်ပါအတိုင်း ဂရပ်ပုံများဖြင့် နှိုင်းယှဉ်ဖော်ပြအပ်ပါသည်-









လုပ်ငန်းအကောင်အထည်ဖော်နိုင်မှုဆိုင်ရာတင်ပြချက်

၁၈။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းလျှောက်ထားလာသည့် အမှုများနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) တင်သွင်းလျှောက်ထားလာသည့် အမှုများအပေါ် အခွန်အမျိုးအစားအလိုက် ခွဲခြားစိစစ်သည့်အခါ-

(၁) အကောက်ခွန်အမှုများနှင့် စပ်လျဉ်း၍ သွင်းကုန်လိုင်စင်တင်ပြနိုင်မှုမရှိဘဲ တင်သွင်းလာခြင်း၊ တင်သွင်းလာသည့်ကုန်စည်ကို တစ်နှစ်ကျော်ကာလအထိ ထုတ်ယူမှုမပြုခြင်း၊ ကျသင့်အကောက်ခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ တရားဝင် အထောက်အထားတင်ပြနိုင်ခြင်းမရှိဘဲ ရွှေလက်ကောက်များ၊ လက်ဝတ်ရတနာမျိုးစုံတို့အား ပြည်ပသို့ထွက်ခွာရာတွင် ယူဆောင်လာကြောင်း တွေ့ရှိရခြင်းတို့ကြောင့် အခင်းဖြစ်ပစ္စည်းများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်း၊ ပိတ်ပင်တားမြစ်ကုန်ပစ္စည်းများဖြစ်သည့် ကျောက်စိမ်းအရိုင်းများ၊ ပြည်ပနိုင်ငံထုတ် စီးကရက်များ တင်သွင်းသယ်ဆောင်ရာတွင် အသုံးပြုသည့် မော်တော်ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့ခြင်းတို့အပေါ် ကျေနပ်မှုမရှိသဖြင့် တင်သွင်းလာသည့် အမှုများဖြစ်၍ ဆောင်ရွက်ရန် အမှု၏ ၉၄ ရာခိုင်နှုန်း ဖြစ်ပါသည်။

(၂) အခွန်စည်းကြပ်မှုများနှင့်စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်း၊ လစဉ်ကျသင့် ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ နှစ်ချုပ် ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းတို့အတွက် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေအရ ဒဏ်ကြေးတပ်ရိုက်မှုနှင့် ကျေနပ်မှုမရှိသဖြင့် တင်သွင်းလာသည့် ကုန်သွယ်လုပ်ငန်းခွန်ဆိုင်ရာ အမှုဖြစ်၍ ဆောင်ရွက်ရန်အမှု၏ ၆ ရာခိုင်နှုန်း ဖြစ်ပါသည်။

(ခ) အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် အမှု ၁၆ မှုအနက် ၁၀ မှုကို စီရင်ဆုံးဖြတ်ပေးနိုင်ခဲ့ပြီး အကောင်အထည်ဖော်နိုင်မှုမှာ (၆၃) ရာခိုင်နှုန်း ဖြစ်ပါသည်။

၁၉။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စစ်ဆေးကြားနာစီရင်ဆုံးဖြတ်ခဲ့သည့် အမှု(၁၀)မှုတွင် အကောက်ခွန်ဆိုင်ရာအမှု (၉)မှုပါဝင်ပြီး အမှုတင်သွင်း လျှောက်ထားရသည့် အကြောင်းအရင်း များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သွင်းကုန်လိုင်စင် (IL) လျှောက်ထားရယူပြီးမှ တင်သွင်းရမည့် ပစ္စည်းများဖြစ်သော်လည်း သွင်းကုန်ကြေညာလွှာတွင်ဖော်ပြထားပြီးသွင်းကုန်လိုင်စင်(IL) တင်ပြနိုင်ခြင်း မရှိသည့် Textile Machinery Parts, Compressed Shuttle H/L C/O India (ယက္ကန်းပစ္စည်းများ) အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု(၁) မှု၊

(ခ) တရားဝင် တင်ပို့ခွင့်၊ တင်သွင်းခွင့် အထောက်အထား စာရွက်စာတမ်းတင်ပြနိုင်ခြင်း မရှိသော ကန့်သတ်ကုန်ပစ္စည်းဖြစ်သည့် ရွှေလက်ကောက်များ၊ ၁၈ ကာရက် ရွှေလက်ကောက်ပျော့ (သတ္တုစပ်ကြိုးပါ) နှင့် လက်ဝတ်ရတနာမျိုးစုံအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာမည့်ခရီးသည်များနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာသည့် ခရီးသည်များထံမှ သိမ်းဆည်းရမိ၍ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု (၃) မှု၊

(ဂ) တရားဝင်တင်ပို့ခွင့်၊ သယ်ဆောင်ခွင့် အထောက်အထား စာရွက်စာတမ်းများ တင်ပြနိုင်ခြင်းမရှိသည့် ပိတ်ပင်တားမြစ်ကုန်ပစ္စည်းဖြစ်သော ကျောက်စိမ်းအသားကျောက်အရိုင်းများ၊ ကျောက်စိမ်းအသားကျောက် ပုတီးစေ့များနှင့် ကျောက်မျက်ရတနာမျိုးစုံအား သယ်ဆောင်လာသည့် Light Truck ယာဉ်နှင့် SUNLONG BUS (Express) အမျိုးအစား ခရီးသည်တင်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု (၂)မှု၊

(ဃ) တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတ်ပင်တားမြစ် ကန့်သတ်ထားသော ပြည်ပနိုင်ငံထုတ် စီးကရက်များအား သယ်ဆောင်လာသည့် (၁၀)ဘီး မော်တော်ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့် အမှု(၂) မှု၊

(c) ဆိပ်ကမ်းသို့ ရောက်ရှိသည့်နေ့မှ တစ်နှစ်ကျော်ကြာသည်အထိ ပိုင်ရှင်မှ လာရောက်ထုတ်ယူခြင်းမရှိသည့်အပြင် ကျသင့်အကောက်ခွန်ကို ပေးဆောင်ရန် တာဝန်ရှိသော်လည်း အကောက်ခွန်စည်းကြပ်မှုခံယူရန် ပျက်ကွက်ခြင်း၊ အခွန်ပေးဆောင်ရန် ပျက်ကွက်သည့်အတွက် Toyota Land Cruiser အမျိုးအစား မော်တော်ယာဉ်အား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သည့်အမှု (၁)မှု၊

၂၀။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စစ်ဆေးကြားနာ စီရင်ဆုံးဖြတ်ခဲ့သည့် အမှု(၁၀)မှုတွင် ပြည်တွင်းအခွန်များဦးစီးဌာနနှင့် သက်ဆိုင်သည့်အမှု (၁)မှု ပါဝင်ပြီး အမှုတင်သွင်း လျှောက်ထားရသည့် အကြောင်းအရင်းမှာ လစဉ်ကျသင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း၊ ဒုတိယ၊ တတိယနှင့် စတုတ္ထသုံးလပတ် ကုန်သွယ်လုပ်ငန်းခွန် ကြေညာလွှာ အချိန်မီ တင်သွင်းရန် ပျက်ကွက်ခြင်းနှင့် နှစ်ချုပ်ကုန်သွယ်လုပ်ငန်းခွန်ကြေညာလွှာ အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းတို့အတွက် ဒဏ်ကြေးငွေ တပ်ရိုက်ခဲ့သည့်အပေါ် အခွန်အယူခံခုံအဖွဲ့သို့အယူခံမှုလျှောက်ထားခဲ့ရာ ပြည်တွင်းအခွန်များဦးစီးဌာန၏ အမိန့်အား အတည်ပြု၍ အယူခံလွှာအား ပလပ်ခဲ့သည့် အခွန်အယူခံခုံအဖွဲ့၏အမိန့်အပေါ် ဥပဒေကြောင်းအရ ဖြေရှင်းရမည့်ကိစ္စဖြစ်သဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လွှဲအပ်ပေးရန် လျှောက်ထားတင်သွင်းလာသည့် အမှုဖြစ်ပါသည်။

၂၁။ အခွန်အယူခံခုံအဖွဲ့အနေဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် ၂၂-၆-၂၀၂၀ ရက်နေ့မှ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ကာလအထိ နှစ်အလိုက်ဆောင်ရွက်ရန် အမှုများအပေါ် အမိန့်ချမှတ်ပြီးသည်အထိ အကောင်အထည်ဖော်နိုင်မှုရာခိုင်နှုန်းမှာ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြအပ်ပါသည်-

နှစ်အလိုက် အမိန့်ချမှတ်ပြီးသည်အထိ လုပ်ငန်းဆောင်ရွက်နိုင်မှု

ဘဏ္ဍာနှစ်	ဆောင်ရွက်ရန်	ဆောင်ရွက်ပြီး	အကောင်အထည်ဖော်မှု
၂၀၁၉-၂၀၂၀	၅၅	၁၀	၁၈ %
၂၀၂၀-၂၀၂၁	၉၃	၄၃	၄၆ %
၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ (ခြောက်လ)	၆၅	၃၇	၅၇ %
၂၀၂၂-၂၀၂၃	၉၃	၈၂	၈၈ %
၂၀၂၃-၂၀၂၄	၄၁	၃၆	၈၈ %
၂၀၂၄-၂၀၂၅	၁၈	၁၄	၇၈ %
၂၀၂၅-၂၀၂၆	၁၆	၁၀	၆၃ %

၂၂။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း အမိန့်ချမှတ်ပြီးစီးသည့် အမှုများတွင် မူလဆုံးဖြတ်ချက်အမိန့်ကို အတည်ပြုပြီး လျှောက်ထားချက်ကို ပလပ်ကြောင်း ဆုံးဖြတ်ခဲ့သည့် အမှု (၈) မှု၊ လျှောက်ထားသူက အမှု ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားလာသည့် အတွက် ရုပ်သိမ်းခွင့်ပြုခဲ့သည့်အမှု(၁)မှုနှင့် အကောက်ခွန်ဦးစီးဌာနက ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့်ကို ပယ်ဖျက်ပြီး စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အမိန့် ကြော်ငြာစာအမှတ်(၆၄/၂၀၂၀)ပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုက်သင့်သည့် ရွေးယူဒဏ်ကြေး ဖြင့် ရွေးယူခွင့်ပြုရန်အမိန့်ချမှတ်ခဲ့သည့် အမှု(၁)မှု၊ စုစုပေါင်း(၁၀)မှု ဖြစ်ပါကြောင်း တင်ပြအပ် ပါသည်။

၂၃။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသည့် အမှုများအလိုက် စီရင်ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အမှုအမျိုးအစား	အမှုအမှတ်	လျှောက်ထားသူအမည်	အမိန့်ချရက်စွဲ	အမိန့်
၁	အကောက်ခွန် အယူခံမှု	၂/၂၀၂၅	YP7 Company Limited	၂၇.၅.၂၀၂၅	အမှုကြားနာရန် ချိန်းဆိုသည့်နေ့တွင် လျှောက်ထားသူက လာရောက်ရန်ပျက်ကွက်ခြင်းအတွက် အယူခံမှုအား ပလပ်လိုက်သည်။

စဉ်	အမှုအမျိုးအစား	အမှုအမှတ်	လျှောက်ထားသူအမည်	အမိန့်ချရက်စွဲ	အမိန့်
၂	အကောက်ခွန် အယူခံမှု	၃/၂၀၂၅	Acem Htun Trading Co.,Ltd	၂၇.၆.၂၀၂၅	လျှောက်ထားသူက အမှုရုပ်သိမ်းခွင့်ပြုရန် မိမိဆန္ဒ အလျောက် တင်ပြ လျှောက်ထားမှုအပေါ် လျှောက်ထားခံရသူ ဌာနဆိုင်ရာ ကိုယ်စားလှယ်က ကန့်ကွက်ရန် မရှိကြောင်း သဘောထား တင်ပြ လာသည့်အတွက် အခွန်အယူခံ ခုံအဖွဲ့ဥပဒေပုဒ်မ ၂၇ အရ အမှုကို ရုပ်သိမ်းခွင့်ပြုလိုက်သည်။
၃	အကောက်ခွန် အယူခံမှု	၁/၂၀၂၅	ဦးကျော်သူဝင်း	၁၀.၇.၂၀၂၅	မူလအမိန့်ကို အတည်ပြု၍ အယူခံမှုကို ပလပ်လိုက်သည်။
၄	ကုန်သွယ်လုပ်ငန်းခွန်လွှဲအပ်မှု	၁/၂၀၂၅	E Enterprises Company Limited	၁၈.၉.၂၀၂၅	အယူခံမှုတွင် ချမှတ်ထားသော အခွန်အယူခံခုံအဖွဲ့၏ စီရင်ချက် အမိန့်ကို အတည်ပြုလျက် ပြည်ထောင်စု တရားလွှတ်တော် ချုပ်သို့ အမှုအား လွှဲအပ်ပေးပါရန် လျှောက်ထားမှုကို ပလပ်လိုက် သည်။
၅	အကောက်ခွန် အယူခံမှု	၆/၂၀၂၅	ဦးကျော်ကျော်မင်း	၂၀.၂.၂၀၂၆	မော်တော်ယာဉ်အား ပြည်သူ ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ကို ပယ်ဖျက်ပြီးစီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ၏ အမိန့်ကြော်ငြာစာ အမှတ် (၆၄/၂၀၂၀)ပါလုပ်ထုံးလုပ်နည်း များနှင့်အညီ ထိုက်သင့်သည့် ရွေးယူဒဏ်ကြေးဖြင့် ရွေးယူခွင့် ပြုရန်အမိန့်ချမှတ်လိုက်သည်။

စဉ်	အမှုအမျိုးအစား	အမှုအမှတ်	လျှောက်ထားသူအမည်	အမိန့်ချရက်စွဲ	အမိန့်
၆	အကောက်ခွန်အယူခံမှု	၇/၂၀၂၅	ဦးဝင်းမင်းသိန်း	၂၀.၂.၂၀၂၆	မူလအမိန့်ကို အတည်ပြု၍ အယူခံမှုကို ပလပ်လိုက်သည်။
၇	အကောက်ခွန်အယူခံမှု	၈/၂၀၂၅	ဦးကျော်သူထိုက်	၁၈.၃.၂၀၂၆	မူလအမိန့်ကို အတည်ပြု၍ အယူခံမှုကို ပလပ်လိုက်သည်။
၈	အကောက်ခွန်အယူခံမှု	၉/၂၀၂၅	ဒေါ်သူဇာဝင်း	၁၈.၃.၂၀၂၆	မူလအမိန့်ကို အတည်ပြု၍ အယူခံမှုကို ပလပ်လိုက်သည်။
၉	အကောက်ခွန်အယူခံမှု	၄/၂၀၂၅	ဦးထက်အောင်ရှိန်း(ခ) စောထက်အောင်ရှိုင်း	၃၁.၃.၂၀၂၆	မူလအမိန့်ကို အတည်ပြု၍ အယူခံမှုကို ပလပ်လိုက်သည်။
၁၀	အကောက်ခွန်အယူခံမှု	၅/၂၀၂၅	ဦးထက်အောင်ရှိန်း(ခ) စောထက်အောင်ရှိုင်း	၃၁.၃.၂၀၂၆	မူလအမိန့်ကို အတည်ပြု၍ အယူခံလွှာကိုပလပ်လိုက်သည်။

၂၄။ အစီရင်ခံသည့်ကာလဖြစ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက်အမိန့် ချမှတ်ခဲ့သည့် အကောက်ခွန်အမှုများ၏ တန်ဖိုးစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အမှုအမျိုးအစား	အမှုအမှတ်	လျှောက်ထားသူအမည်	ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်း/ယာဉ်	တန်ဖိုး (ကျပ်သန်း)
၁	အကောက်ခွန်အယူခံမှု	၁/၂၀၂၅	ဦးကျော်သူဝင်း	ISUZU LIGHT TRUCK (4x2) (R),Model-2008,အမျိုးအစား၊ ယာဉ်အမှတ်၊ 7N/ 8452	၂၅.၀၀၀
၂	အကောက်ခွန်အယူခံမှု	၂/၂၀၂၅	YP7 Company Limited	Brand- Toyota Land Cruiser, C/O- Japan(1)U	၇၈.၂၃၂
၃	အကောက်ခွန်အယူခံမှု	၃/၂၀၂၅	Acem Htun Trading Co.,Ltd	B/N Textile Machinery Parts, Compressed Shuttle H/L C/O: India (2720 KG) အပါအဝင် ကုန်ပစ္စည်း(၉)မျိုး	၂၆.၃၀၄
၄	အကောက်ခွန်အယူခံမှု	၄/၂၀၂၅	ဦးထက်အောင်ရှိန်း(ခ) စောထက်အောင်ရှိုင်း	NISSAN DIESEL TRUCK (6 x2)(R), (10W) အမျိုးအစား၊ ယာဉ်အမှတ် 2C/5593	၄၀.၀၀၀
၅	အကောက်ခွန်အယူခံမှု	၅/၂၀၂၅	ဦးထက်အောင်ရှိန်း(ခ) စောထက်အောင်ရှိုင်း	NISSAN DIESEL TRUCK (6 x2) (R), (10 W) အမျိုးအစား၊ ယာဉ်အမှတ် 6B/7313	၂၈.၀၀၀

စဉ်	အမှုအမျိုးအစား	အမှုအမှတ်	လျှောက်ထားသူအမည်	ပြည်သူ့ဘဏ္ဍာသိမ်းဆည်းခဲ့သည့် ကုန်ပစ္စည်း/ယာဉ်	တန်ဖိုး (ကျပ်သန်း)
၆	အကောက်ခွန်အယူခံမှု	၆/၂၀၂၅	ဦးကျော်ကျော်မင်း	SUNLONG SLK6120, BUS (4 x 2) (L) (Express) အမျိုးအစား၊ယာဉ်အမှတ် 3M-2622	၇၀.၀၀၀
၇	အကောက်ခွန်အယူခံမှု	၇/၂၀၂၅	ဦးဝင်းမင်းသိန်း	ရွှေလက်ကောက် (၁၀)ကွင်း၊ (၅၂.၉၂၄)ကျပ်သားအပါအဝင် လက်ဝတ်ရတနာမျိုးစုံ(၁၈)မျိုး စုစုပေါင်းအလေးချိန်၁၁၃.၀၃ ကျပ်သား	၆၀၇.၆၀၈
၈	အကောက်ခွန်အယူခံမှု	၈/၂၀၂၅	ဦးကျော်သူထိုက်	၁၈ ကာရက်ရွှေလက်ကောက်ပျော့ (၁၅၅) ကွင်း အပါအဝင် လက်ဝတ် ရတနာမျိုးစုံ (၁၈) မျိုး၊ စုစုပေါင်း အလေးချိန် ၆၆၅၃. ၇၅ ဂရမ်	၁၆၁၀.၈၁၄
၉	အကောက်ခွန်အယူခံမှု	၉/၂၀၂၅	ဒေါ်သူဇော်ဝင်း	ရွှေလက်ကောက် (၆) ကွင်း၊ အလေးချိန်၆၁.၀၂၃၇ ကျပ်သား	၂၄၆.၇၉၄

၂၅။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စီရင်ချက်အမိန့်ချမှတ်ခဲ့သည့် ပြည်တွင်းအခွန်ဆိုင်ရာ အမှုများ၏ တန်ဖိုးစာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	အမှုအမျိုးအစား	အမှုအမှတ်	လျှောက်ထားသူအမည်	အငြင်းပွားသည့် အခွန်	တန်ဖိုး (ကျပ်သန်း)
၁	ကုန်သွယ်လုပ်ငန်းခွန်လွှဲအပ်မှု	၁/၂၀၂၅	E Enterprises Company Limited	လစဉ်ကျသင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်း အတွက် ဒဏ်ကြေးနှင့် နှစ်ချုပ် ကုန်သွယ် လုပ်ငန်းခွန် ကြေညာလွှာ တင်သွင်းရန် ပျက်ကွက်ခြင်း အတွက် ဒဏ်ကြေး	၄၁၂.၆၉၁

အခွန်အယူခံခုံအဖွဲ့၏ ဆောင်ရွက်ချက်များ

၂၆။ အခွန်အယူခံခုံအဖွဲ့သည် အခွန်အကောက်ဆိုင်ရာဥပဒေများအရ တင်သွင်းလျှောက်ထားလာသည့် အယူခံမှု၊ ပြင်ဆင်မှု၊ ပြန်လည်သုံးသပ်မှုနှင့် လွှဲအပ်မှုများကို ကြားနာစစ်ဆေး အဆုံးအဖြတ်ပေးရသည့် ခုံအဖွဲ့ဖြစ်သဖြင့် အခြားဦးစီးဌာန၊ လုပ်ငန်းအဖွဲ့အစည်းများကဲ့သို့ စီမံကိန်းလျာထားချက်များ ချမှတ်ဆောင်ရွက်၍ မရနိုင်သော်လည်း ချမှတ်ထားသော မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းတာဝန်များအား အခွန်အယူခံခုံအဖွဲ့နှင့် ခုံအဖွဲ့ရုံးဝန်ထမ်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တင်သွင်းလျှောက်ထားလာသည့် အမှုများအပေါ်တွင် မျှတမှုနှင့်ကန့်ပြီး လျင်မြန်စွာ အဆုံးအဖြတ်ပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။

၂၇။ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် အခွန်ထမ်းပြည်သူများနှင့် အများပြည်သူများ သိရှိနိုင်စေရန် ရည်ရွယ်ပြီး သတင်းအချက်အလက်နည်းပညာ အသုံးချ၍ အောက်ပါလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါသည်-

(က) Revenue Appellate Tribunal Board အမည်ဖြင့် Facebook Page ဖွင့်လှစ်၍ လုပ်ငန်းဆောင်ရွက်ချက်များအား လွှင့်တင်ဖော်ပြလျက်ရှိခြင်း၊

(ခ) Myanmar National Portal ၌ အခွန်အယူခံခုံအဖွဲ့၏ Page ကို သီးခြားလွတ်လပ်သည့်အဖွဲ့အဖြစ် လွှင့်တင်ထားရှိခြင်း၊

(ဂ) အခွန်အယူခံခုံအဖွဲ့၏ ကိုယ်ပိုင် Website ရေးဆွဲလွှင့်တင်ထားရှိခြင်း၊

(ဃ) အခွန်အယူခံခုံအဖွဲ့ဥပဒေအရ ခုံအဖွဲ့သည် မိမိဆောင်ရွက်ခဲ့သည့် ကြားနာမှုများနှင့် သက်ဆိုင်သည့်အစီရင်ခံစာကို ဘဏ္ဍာရေးနှစ် တစ်နှစ်ပြီးဆုံးသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၉၀ အတွင်း အစိုးရအဖွဲ့သို့ နှစ်စဉ်တင်ပြခြင်း၊

(င) ခုံအဖွဲ့က အမှုများ စစ်ဆေးကြားနာမည့်နေ့ရက်နှင့် အမိန့်ချမှတ်မည့်နေ့ရက်ကို ခုံအဖွဲ့ရုံး ဝက်ဘ်ဆိုက်တွင် အနည်းဆုံး ခုနှစ်ရက် ကြိုတင်ကြေညာခြင်းနှင့် အမိန့်များကို မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာနိုင်ရန်အတွက် ပေးပို့ခြင်းတို့ ဖြစ်ပါသည်။

၂၈။ အခွန်အယူခံခုံအဖွဲ့ရုံးအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် Public Feedback Programme (PFP) Web Portal ကို အသုံးပြု၍ အခွန်အယူခံခုံအဖွဲ့ရုံး မှတ်ပုံတင်အရာရှိထံသို့ လာရောက်၍ အမှုများ မှတ်ပုံတင်ပြုလုပ်ခြင်း၊ မိတ္တူမှန် လာရောက်လျှောက်ထားခြင်းများကို ဝန်ဆောင်မှုရယူကြသည့် ပြည်သူများ၏ မိုဘိုင်းဖုန်းများသို့ Short Code "1111" ဖြင့် မိမိတို့ဝန်ဆောင်မှုရယူခဲ့စဉ်က ကြုံတွေ့ရသည့် အခြေအနေများကို SMS ပေးပို့မေးမြန်းကာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှုများအား အကြံပြုချက်များအရ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပြီး အစီရင်ခံတင်ပြသည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် လျှောက်ထားသူ ဦးရေ ၅ ဦးထံသို့ SMS စောင်ရေ ၅ စောင် ပေးပို့မေးမြန်းခဲ့ရာ ပြည်သူတို့၏ တုံ့ပြန်ဖြေကြားမှု ပြန်ကြားစာ ၄ စောင် ရရှိခဲ့ပါသည်။

၂၉။ အခွန်အယူခံခုံအဖွဲ့က နှစ်အလိုက် ကြားနာဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများကို အမှုမှတ်တမ်းခန်းတွင် စနစ်တကျ ထိန်းသိမ်းထားရှိသကဲ့သို့ အမှုတွဲပါ အချက်အလက်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ခေတ်မီတိုးတက်နေသည့် နည်းပညာများကို အသုံးပြုလျက် Case Management System Software ကို ရေးဆွဲ၍ အမှုနှင့်သက်ဆိုင်သည့် အချက်အလက်များ ဖြည့်သွင်းခြင်း လုပ်ငန်းစဉ်ကို ၂၂-၄-၂၀၂၂ ရက်နေ့မှစတင်၍ Information and Communication Technology (ICT) Room တွင် Case Management System အကောင်အထည်ဖော်ဆောင်ရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ၃၁-၃-၂၀၂၆ ရက်နေ့အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် ၁၉၇၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်၊ မတ်လအထိ နှစ်အလိုက် စီရင်ဆုံးဖြတ်ပြီးစီးခဲ့သည့် အမှုတွဲများအနေဖြင့် အယူခံမှု (၁၈၅၁) မှု၊ ပြင်ဆင်မှု (၁၅) မှု၊ ပြန်လည်သုံးသပ်မှု (၃၂၀) မှု၊ လွှဲအပ်မှု (၂၃) မှု၊ စုစုပေါင်း (၂၂၁၀) မှု ရှိပြီး ယင်းအမှုများအား စနစ်အတွင်းထည့်သွင်းပြီးဖြစ်ပါသဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအနေဖြင့် (၁၀၀)ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ပါသည်။

၃၀။ အစီရင်ခံသည့်ကာလအတွင်း အခွန်အယူခံခုံအဖွဲ့မှ ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း လုပ်ငန်းတာဝန်များကို လက်တွေ့အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေပါစကားရပ်များ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် အချို့ကို ပိုမိုပြည့်စုံစေရေး၊ ခုံအဖွဲ့၏လုပ်ပိုင်ခွင့်တွင် ပါဝင်သော စီရင်ဆုံးဖြတ်

ပိုင်ခွင့် ပိုမိုပြည်စုံစေရေး၊ စကားရပ်အချို့နှင့်စပ်လျဉ်း၍ ဥပဒေနှင့်နည်းဥပဒေများတွင် ညီညွတ်မှု ဖြစ်စေရေးနှင့် ပြဋ္ဌာန်းချက်များ ရှင်းလင်းပေါ်လွင်စေရေး လိုအပ်ချက်များရှိနေကြောင်း စိစစ်တွေ့ရှိ ရသည့်အတွက် မူလဥပဒေတွင်ပါရှိသော ပုဒ်မ(၈)ခု၊ ပုဒ်မခွဲ(၈)ခု၊ ပုဒ်မခွဲငယ်(၁)ခုနှင့် အခန်း ခေါင်းစဉ် (၁)ခုတို့အား အစားထိုးပြင်ဆင်ခြင်း၊ ပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၁)ခုတို့အား ဖြည့်စွက်ခြင်းနှင့် ပုဒ်မခွဲ (၁)ခုအား ပယ်ဖျက်ခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။ တင်ပြပါ အခွန်အယူခံခုံအဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အတည်ပြုပြဋ္ဌာန်းနိုင်ရန်အတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများ၏ သဘောထားမှတ်ချက်များရယူခဲ့ပြီး အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့တင်ပြခဲ့ရာ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ ၂၆-၂-၂၀၂၆ ရက်နေ့ တွင် ဥပဒေအမှတ် (၉/၂၀၂၆) ဖြင့် အတည်ပြုပြဋ္ဌာန်းပေးခဲ့ပါသည်။

နိဂုံး

၃၁။ ပြည်ထောင်စုအခွန်အကောက်အမျိုးမျိုးအပေါ် ဥပဒေအရ ခုခံချေပခွင့်၊ အယူခံပိုင်ခွင့်နှင့် အညီ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အပါအဝင် အခွန်ထမ်းဆောင်သူများက တင်သွင်းလာ သည့် အမှုများကို လွတ်လပ်စွာ ကြားနာစစ်ဆေး၍ ဥပဒေနှင့်အညီ မျှတစွာ စီရင်ဆုံးဖြတ်ချက်များ ကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ချမှတ်နိုင်ရေးအတွက် အခွန်အယူခံခုံအဖွဲ့က လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၃၂။ အခွန်အယူခံခုံအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များအား အခွန်အယူခံခုံအဖွဲ့ဥပဒေအရ နှစ်စဉ် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြလျက်ရှိပြီး အများပြည်သူအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ရေးအတွက်ကိုလည်း Myanmar National Portal ၌ လည်းကောင်း၊ အခွန် အယူခံခုံအဖွဲ့၏ကိုယ်ပိုင် Website စာမျက်နှာတွင်လည်းကောင်း လွှင့်တင်ထားရှိလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။